***(Burmese Below)***

# Advocacy Grants for Former Women Political Prisoners

**Strengthening Healing, Safety, and Political Agency**

In Myanmar's Spring Revolution, few acts have been more courageous than the resistance of women who stand up against military rule—on the streets, online, in villages, in cities, and inside prisons. Since the military's illegal coup on February 1, 2021, women have been on the frontlines of the fight for freedom. They have led protests, organized resistance, and spoken truth to power—often at great personal cost.

In the face of Myanmar's military dictatorship, women have led with defiance and courage—from the frontlines of mass protests to the confines of prison cells. Since the February 2021 coup, women have resisted military rule in every sphere: in the streets, in communities, in exile, and behind bars. They have organized, mobilized, and spoken truth in the face of brutal repression.

Between the coup and August 2024, at least 5,649 women have been arrested and 1,132 killed under political pretexts, according to verified data from the Assistance Association for Political Prisoners (AAPP). These women represent over 20% of all recorded arrests and deaths during this period. Many have endured arbitrary detention, torture, sexual violence, and exile. The real numbers are likely much higher.

By August 2024, at least 5,649 women had been arrested and 1,132 killed for political reasons, according to verified reports from the Assistance Association for Political Prisoners (AAPP). These women account for over 20% of all political arrests and killings during this period. Many have been subjected to arbitrary detention, torture, sexual violence, surveillance, and forced displacement. These are not just statistics—they are the lived realities of a generation of women who dared to fight back.

This Advocacy Grant is for the women who survived—and continue to resist.

Designed for former women political prisoners from Myanmar, these mini grants provide flexible, rapid support to help reclaim space, strengthen safety, and sustain political agency. Whether it's for rent, therapy, digital security, legal assistance, or producing a podcast—this grant is an act of solidarity. A recognition of your pain, your resilience, and your power.

Because healing is resistance. And your survival is revolutionary. This is not just about funding. It's about building a world where former prisoners are not forgotten—but resourced, respected, and re-empowered.

This is your space. Your story. Your voice.

**These Advocacy Grants are for them.**

Specifically designed for former women political prisoners from Myanmar, these flexible, fast-response grants support the work of healing, safety, and reclaiming political power.

Whether it’s covering rent, accessing therapy, enhancing digital security, securing legal counsel, or launching a podcast—this fund exists to back your agency, not prescribe it.

This is feminist solidarity in action; a political commitment to resourcing women who continue to resist even after release.

Because healing is not a pause in the struggle—it’s part of it.
Because your survival demands more than recognition—it demands reinvestment.
Because we refuse to build a future without you in it.

**This is your space. Your power. Your terms.**

**Key Details at a Glance:**
Who Can Apply: Former women political prisoners from Myanmar
Duration: July 2025 – June 2026
How to Apply : Endorsement from trusted Organisations, Feminist Network Partner, journalist collective, or Women HRD groups.
Application Timeline: Rolling Basis (Applications will close once we have selected the grantees)

# နိုင်ငံရေးအကျဉ်းသူဟောင်းများအတွက် အရေးဆိုမှုဆိုင်ရာ ရန်ပုံငွေ

## ကုစားမှု၊ ဘေးကင်းလုံခြုံရေးနှင့် နိုင်ငံရေးကိုယ်စွမ်းကိုယ်စ ပိုမိုအားကောင်းစေရေး

မြန်မာနိုင်ငံ နွေဦးတော်လှန်ရေးကာလအတွင်းတွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ရင်ဆိုင်ခဲ့ကြသော အမျိုးသမီးများထက်ပို၍ ရဲစွမ်းသတ္တိပြနိုင်ခဲ့သော အရာဟူ၍ မရှိသလောက်ပင်ဖြစ်ပါသည်။ အဆိုပါ ရဲရင့်သော အမျိုးသမီးများသည် လမ်းများပေါ်၊ အွန်လိုင်းပေါ်၊ ကျေးရွာများ၊ မြို့ကြီးများနှင့် အကျဉ်းထောင်များ အတွင်း ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှ တရားမဝင် အာဏာသိမ်းမှု စတင်လိုက်သည့်အချိန်မှစ၍ လူထုလွတ်မြောက်ရေး တိုက်ပွဲများ ဖော်ဆောင်ကြရာတွင် အမျိုးသမီးများ ရှေ့တန်းမှ ပါဝင်လာခဲ့ကြပါသည်။ အမျိုးသမီးများ ကိုယ်တိုင် ဆန္ဒပြပွဲများကို ဦးဆောင်ရင်း၊ ခုခံတော်လှန်မှုများကို ဆင်နွှဲရင်း၊ အာဏာကို အမှန်တရားဖြင့် အံတုကြရာတွင် ကိုယ့်အသက်ကိုပင် ပဓါန မထားဘဲ ပေးဆပ်စတေးခဲ့ကြပါသည်။

လူထုဆန္ဒပြပွဲများ၏ ရှေ့တန်းတနေရာမှနေ၍ အကျဉ်းထောင်များအတွင်း သက်ဆင်းကြသည် အထိ အမျိုးသမီးများသည် အာဏာရှင် ဆန့်ကျင်ရေးကို ရဲစွမ်းသတ္တိဖြင့် ဦးဆောင်ရင်း စစ်အုပ်ချုပ်ရေးစနစ်ကို အံတုခဲ့ကြပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှု ဖြစ်ပွားချိန်မှစ၍ အမျိုးသမီးများသည် စစ်အုပ်ချုပ်ရေးကို လမ်းများပေါ်နှင့် ရပ်ရွာများအတွင်းတွင်သာမက ရပ်ဝေးမြေခြားသို့၊ သံတိုင်များနောက်သို့ ရောက်သွားသည့်တိုင် ဘက်ပေါင်းစုံ၊ နေရာပေါင်းစုံမှ ဆန့်ကျင်တော်လှန်ခဲ့ကြပါသည်။ ယနေ့ထက်တိုင်လည်း ရက်စက်ကြမ်းကြုတ်သော ဖိနှိပ်မှုများကြားမှပင် အမျိုးသမီးများသည် စည်းရုံးစုဝေးရင်း၊ အမှန်တရားကို ထုတ်ဖော်ရင်း အာဏာရှင်စနစ်ကို ရင်ဆိုင်တွန်းလှန်လျက်ရှိကြပါသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အတည်ပြု ဒေတာအချက်အလက်များ အရ စစ်အာဏာသိမ်းမှု စတင်ချိန်မှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံရေး အကြောင်းကိစ္စဖြင့် အမျိုးသမီး ၅,၆၄၉ ဦး ဖမ်းဆီးခံခဲ့ရပြီး ၁,၁၃၂ ဦး သတ်ဖြတ်ခံခဲ့ရပါသည်။ အဆိုပါ အမျိုးသမီးများသည် ဖော်ပြပါ ကာလအတွင်း မှတ်တမ်းကောက်ယူနိုင်လိုက်သည့် ဖမ်းဆီးမှုနှင့် သတ်ဖြတ်မှုများ အားလုံး၏ ၂၀% ကျော်ကို ကိုယ်စားပြုပါသည်။ များစွာသော အမျိုးသမီးများမှာ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လိင်အကြမ်းဖက်ခံရခြင်းနှင့် ပြည်ပသို့ တိမ်းရှောင်ရခြင်း အစရှိသော ဘေးဒုက္ခများကို ခံစားခဲ့ကြရပါသည်။ အမှန်တကယ် ဖြစ်ပွားခဲ့သည့် ကိန်းဂဏန်းများမှာ ယခုထက်ပို၍ပင် များပြားနိုင်ဖွယ်ရှိပါသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအထိ ရရှိထားသော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အတည်ပြု ဒေတာအချက်အလက်များ အရ နိုင်ငံရေးမှုနှင့် ဆက်စပ်၍ အမျိုးသမီး ၅,၆၄၉ ဦး ဖမ်းဆီးခံခဲ့ရပြီး ၁,၁၃၂ ဦး သတ်ဖြတ်ခံခဲ့ရပါသည်။ အဆိုပါ အမျိုးသမီးများသည် ဖော်ပြပါ ကာလအတွင်း နိုင်ငံရေးလှုပ်ရှားမှုနှင့် ဆက်စပ်၍ ဖမ်းဆီး၊ သတ်ဖြတ်ခံရမှုများ အားလုံး၏ ၂၀% ကျော် ပမာဏ ဖြစ်ပါသည်။ များစွာသော အမျိုးသမီးများမှာ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လိင်အကြမ်းဖက်ခံရခြင်း၊ စောင့်ကြည့်ခံရခြင်းနှင့် ပြည်ပသို့ တိမ်းရှောင်ရခြင်း အစရှိသော ဘေးဒုက္ခများကို ခံစားခဲ့ကြရပါသည်။ ၎င်းတို့မှာ ကိန်းဂဏန်း အရေအတွက်မျှသာ မဟုတ်ပါ။ ၎င်းတို့မှာ ငုံ့မခံဘဲ တုံ့ပြန်ဝံ့ကြသော အမျိုးသမီး မျိုးဆက်တစ်ဆက် အမှန်တကယ် တွေ့ကြုံခံစားခဲ့ရသည့်အရာများ ဖြစ်ကြပါသည်။

ကျွန်ုပ်တို့၏ အရေးဆိုမှု ရန်ပုံငွေသည် ဤသို့သော ဘေးဒုက္ခအဝဝကို ခံစားရပြီး အသက်ရှင်ကျန်ရစ်ဆဲ၊ တိုက်ပွဲဝင်နေဆဲ အမျိုးသမီးများအတွက် ရည်ရွယ်၍ မ, တည်ထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ နိုင်ငံရေး အကျဉ်းသူဟောင်းများအတွက် ရည်ရွယ်ပြီး မတည်ထားသော အဆိုပါ အသေးစား ရန်ပုံငွေများသည် စည်းကမ်းသတ်မှတ်ချက် မတင်းကြပ်ပဲ လျှောက်ထားရလွယ်ကူပြီး ၎င်းအမျိုးသမီးများ ပြန်လည် ရပ်တည်နိုင်စေရန်၊ ဘေးကင်းလုံခြုံမှုပိုမိုရရှိစေရန်နှင့် နိုင်ငံရေး ကိုယ်စွမ်းကိုယ်စ ဆက်လက် အသုံးချနိုင်စေရန် ရည်ရွယ်ပေးအပ်ခြင်း ဖြစ်ပါသည်။ အိမ်ငှားခ၊ ဝေဒနာကုစားမှု၊ ဒစ်ဂျစ်တယ် လုံခြုံရေး၊ ဥပဒေ အထောက်အကူ၊ ပေါ့ကက်ထုတ်လုပ်ခြင်း အစရှိသည့် မည်သည့်ကိစ္စရပ်မျိုးအတွက် ဖြစ်စေ အသုံးပြုနိုင်ပါသည်။ ဤရန်ပုံငွေသည် သွေးစည်းညီညွတ်မှုကို ပြသခြင်းဖြစ်ပါသည်။ သင့် နာကျင်မှု၊ ဇွဲသတ္တိနှင့် စွမ်းရည်ကို ဂုဏ်ပြုခြင်း ဖြစ်ပါသည်။

ဝေဒနာကုစားခြင်းသည် ခုခံတွန်းလှန်မှု ဖြစ်သကဲ့သို့ အသက်ရှင်သန်နေခြင်းသည်လည်း တော်လှန်ရေးပင် ဖြစ်ပါသည်။ ဤသည်မှာ ရန်ပုံငွေ ထောက်ပံ့ခြင်းမျှသာမဟုတ်ဘဲ နိုင်ငံရေး အကျဉ်းသားဟောင်းများကို မမေ့မလျော့သော၊ လိုအပ်သည့် အရင်းမြစ်များ ထောက်ပံ့သော၊ လေးစားဂုဏ်ပြုသော၊ စွမ်းရည် မြှင့်တင်ပေးသော လူ့ဘောင်တစ်ရပ်ကို ဖန်တီးထူထောင်ခြင်းဖြစ်ပါသည်။

ဤနေရာသည် သင့်ရပ်ဝန်း၊ သင့်ကိုယ်ရေးရာဇဝင်၊ သင့်အသံဖြစ်စေရပါမည်။

**အရေးဆိုမှုရန်ပုံငွေသည် အဆိုပါ အမျိုးသမီးများအတွက် ဖြစ်ပါသည်။**

မြန်မာနိုင်ငံမှ နိုင်ငံရေး အကျဉ်းသူဟောင်းများအတွက် အထူး ရည်ရွယ်ပြီး မတည်ထားသော အဆိုပါ ရန်ပုံငွေများသည် စည်းကမ်းသတ်မှတ်ချက် တင်းကြပ်မှုမရှိပါ။ ၎င်းအမျိုးသမီးများ အတွက် ဝေဒနာကုစားရန်၊ ဘေးကင်းလုံခြုံမှုပိုမိုရရှိစေရန်နှင့် နိုင်ငံရေး ကိုယ်စွမ်းကိုယ်စ ဆက်လက် အသုံးချနိုင်စေရန် ရည်ရွယ်၍ အလျင်အမြန် ပေးအပ်သွားမည့် ရန်ပုံငွေများ ဖြစ်ကြပါသည်။ အိမ်ငှားခပေးရန်၊ လိုအပ်သော ဝေဒနာ ကုထုံးတစ်ရပ်ရပ် ရရှိရန်၊ ဒစ်ဂျစ်တယ် လုံခြုံရေး အဆင့်မြှင့်တင်နိုင်ရန်၊ ဥပဒေ အထောက်အကူ ရရှိစေရန်၊ ပေါ့ကက်ထုတ်လုပ်ရန် အစရှိသည့် မည်သည့်ကိစ္စရပ်မျိုးအတွက် ဖြစ်စေ အသုံးပြုနိုင်ပါသည်။ ဤရန်ပုံငွေသည် သင့်စိတ်ကြိုက်စီမံဆုံးဖြတ်ရာတွင် အထောက်အကူပေးရန် ဖြစ်ပါသည်။ ဤရန်ပုံငွေဖြင့် မည်သည်ကိုသာ ဆောင်ရွက်ရမည်ဟူ၍ သတ်မှတ်ချက် မရှိပါ။

ဤရန်ပုံငွေ အစီအစဉ်သည် မဝါဒီများကြား သွေးစည်းညီညွတ်မှုကို အလုပ်ဖြင့် သက်သေပြခြင်းဖြစ်ပါသည်။ အကျဉ်းထောင်မှ လွတ်မြောက်လာသည့်တိုင် ဆက်လက်တိုက်ပွဲဝင်နေသည့် အမျိုးသမီးများအတွက် အရင်းမြစ်များ ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

## အသေးစိတ် အချက်အလက်များ အကျဉ်းချုပ်

**လျှောက်ထားနိုင်သူ။** မြန်မာနိုင်ငံရေးအကျဉ်းသူဟောင်းများ
**သတ်မှတ်ကာလ။** ဇူလိုင် ၂၀၂၅ - ဇွန် ၂၀၂၆
**လျှောက်ထားရမည့်ပုံစံ။** လေးစားယုံကြည်ရသည့်အဖွဲ့အစည်းများ၊ မဝါဒီ ကွန်ယက် မိတ်ဖက် အဖွဲ့အစည်းများ၊ စာနယ်ဇင်း အဖွဲ့အစည်းများ နှင့် / သို့မဟုတ် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် အဖွဲ့များထံမှ ထောက်ခံချက်
**လျှောက်လွှာသင်တမ်း။** လျှောက်ထားသူ အရေအတွက်ပေါ် မူတည် (ရန်ပုံငွေ ပေးအပ်ရမည့်သူများအား ရွေးချယ် သတ်မှတ်ပြီးပါက လျှောက်လွှာပိတ်မည်ဖြစ်သည်။)